ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

Monthly

# INFLATION REPORT

Jan, 2019

အကြောင်းအရာ။ **၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကိုအစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၈ ခုနှစ် ဒီဇင်ဘာလ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စုအတွက်စားသုံးသူဈေးဆနှုန်းမှာ **၁၆၁.၅၀** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူ ဈေးဆနှုန်းမှာ **၁၂၈.၄၁** ရှိပါသည်။ **၂၀၁၈ ခုနှစ် ဒီဇင်ဘာလ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၄၇.၇၅** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၄၈.၉၅** နှင့် နှိုင်းယှဉ်ပါက **၀.၈၀%** ကျဆင်းလာပါသည်။ Core Inflation တွက်ချက်ရန် ဈေးနှုန်း တည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီ ဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၏ စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၂၄.၆၉** ဖြစ်ရာ **ယခင်လ၏** Core CPI ဖြစ်သည့် **၁၂၃.၉၆** နှင့် နှိုင်းယှဉ်ပါက **၀.၅၉%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၄၇.၇၅** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၃၈.၂၉** နှင့် နှိုင်းယှဉ်ပါက **၆.၈၅%** မြင့်တက်လာပါသည်။ **၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၏ Core CPI မှာ ၁၂၄.၆၉ ဖြစ်ရာ ယခင်နှစ် အလားတူလ၏** Core CPI အခြေအနေ **၁၁၆.၇၇** နှင့် နှိုင်းယှဉ်ပါက **၆.၇၉ %** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၆၁.၅၀** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၀.၉၈%** ကျဆင်းလာပါသည်။ မြေပဲဆီ၊ နှမ်းဆီ၊ ဟင်းရွက်ဆီ၊ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ အမဲသားဈေးနှုန်းများ၊ ငရုတ်သီးခြောက် (အပု/အရှည်) ဈေးနှုန်းများ မြင့်တက်နေသော်လည်း၊ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်(ငစိန်၊ ဧည့်မထ၊ ငကြွဲ) ဈေးနှုန်းများ၊ စားအုန်းဆီဈေးနှုန်းများ၊ ငါးဈေးနှုန်းများ၊ ကုန်ခြောက်ပစ္စည်းများ၊ ပဲအမျိုးမျိုး၊ အသီးအနှံ နှင့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများလည်း ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အစားအစာမဟုတ်သောအုပ်စု** (Non Food) ၏ ဈေးဆနှုန်းမှာ **၁၂၈.၄၁** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၀.၅၀%** ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ ယင်းအုပ်စုအတွင်းရှိ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ သိသာစွာကျဆင်း

လာသောကြောင့်ဖြစ်ပါသည်။ သို့သော် အခြားအသုံးအဆောင်ပစ္စည်းများဖြစ်ကြသော ရွှေထည်ပစ္စည်းများ၊ အမျိုးသမီး/ အမျိုးသားဝတ် လုံချည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စက်ချုပ်ခ (အမျိုးသား/ အမျိုးသမီး)၊ သားရေဖိနပ်၊ ရော်ဘာဖိနပ်၊ အိမ်ဆောက်ပစ္စည်းနှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၅။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လ နှင့်နှိုင်းယှဉ်ပါက သိသိသာသာကျဆင်းလာသောကြောင့် နိုင်ငံခြားငွေလဲနှုန်းနှင့် ဆက် စပ်လျက်ရှိသော သွင်းကုန်ဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းများ ကျဆင်းလာပါသည်။ သို့ဖြစ်ပါ၍ ပြည်တွင်းလောင်စာဆီ ဈေးနှုန်းများလည်း ကျဆင်းလာသည့်အတွက် ကုန်စည်ဈေးနှုန်းများလည်း ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။


၆။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းများ သိသာစွာကျဆင်းလာခြင်းကြောင့် ဆက်စပ်ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာခြင်း၊ စပါးအသစ်ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများကျဆင်းလာခြင်း၊ ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် ငါးဈေးနှုန်းများ ကျဆင်းလာခြင်းနှင့် ကုန်ခြောက်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation)** မှာ ၆.၈၆% ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ ၅.၄၃% ရှိပါသည်။ **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း(Year on Year Inflation)** မှာ ၆.၈၅ % ဖြစ်ပြီး **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ ၆.၇၉% ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဒေါက်တာဝါဝါမောင်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၈ ခုနှစ် ဒီဇင်ဘာလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၁၈ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္နန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္နန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

### ၂၀၁၈ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်

### စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၁။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၄၇.၇၅ ဖြစ်ရာ ယခင်လ အခြေအနေ ၁၄၈.၉၅ နှင့် နှိုင်းယှဉ်ပါက ၀.၈၀% ကျဆင်းလာပါသည်။ ထိုအုပ်စုများအနက် ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၊ အဝတ်အထည်အုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်း နှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ ကျန်းမာရေးအုပ်စု၊ ပြင်ပအစားအသောက်အုပ်စု နှင့် အထွေထွေကုန်ပစ္စည်းအုပ်စုတို့မှာ မြင့်တက်လျက်ရှိသော်လည်း အစားအစာအုပ်စုနှင့် သယ်ယူပို့ဆောင်ရေး အုပ်စုတို့မှာ သိသိသာသာကျဆင်းလျက်ရှိပါသည်။ သို့သော် အိမ်လခနှင့်အိမ်ပြင်ခအုပ်စု နှင့် ဆက်သွယ်ရေးအုပ်စုတို့မှာ အနည်းငယ်သာ ပြောင်းလဲမှုဖြစ်ပေါ်ခဲ့ပါသည်။

### အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၆၁.၅၀ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၉၈% ကျဆင်းလာပါသည်။ ယခုလတွင် ဆန် (ဧည့်မထ) ၀.၂၇%၊ စားအုန်းဆီ ၁.၉၈%၊ ကြက်ဥ ၁.၅၁%၊ ငါးခူ ၁.၇၆%နှင့် ငါးရံ့ ၀.၄၁% ဖြင့် ဈေးနှုန်းများ အသီးသီး ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မန်ကျည်းသီးနှင့် ဂျင်း ဈေးနှုန်းများမှာ ကျဆင်းလာပါသည်။ ထို့အပြင် သစ်သီးများဖြစ်သော ငှက်ပျောသီး၊ သဘော်သီး၊ လိမ္မော်သီး၊ ပန်းသီး ဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်များဖြစ်သော အာလူး၊ ဘူးသီး၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ မုန်လာဥဖြူ၊ ပဲတောင့် ရှည်သီး၊ ဈေးနှုန်းများ ကျဆင်းလာရာတွင် ခရမ်းချဉ်သီး ဈေးနှုန်းမှာ ၄၂.၂၇% ဖြင့် သိသိ

သာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ အလားတူ စားတော်ပဲ၊ ကုလား ပဲခြမ်းနှင့် ပဲကြား ဈေးနှုန်းများလည်း ကျဆင်းလာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၄၄.၁၂ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၅၈% မြင့်တက်လာပါသည်။ ဤအုပ်စု အတွင်း၌ ပါဝင်သော ကုန်ပစ္စည်းများဖြစ်ကြသည့် အရက်(ပြည်တွင်း)၊ ဘီယာ (ပြည်တွင်း/ပြည်ပ)၊ ကွမ်းရွက်၊ ဆေးရွက်ကြီး၊ စီးကရက်(ပြည်တွင်း/ပြည်ပ) နှင့် ဆေးပေါ့လိပ်ဈေးနှုန်းများ မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၂၃.၅၂ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၅၄% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤ အုပ်စုတွင် ပါဝင်သော အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း/ပြည်ပ)၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီအတို၊ ဘောင်းဘီအရှည်၊ စွယ်တာအင်္ကျီ၊ အမျိုးသမီးဝတ်အင်္ကျီ၊ သားရေဖိနပ်နှင့် ရော်ဘာဖိနပ်ဈေးနှုန်းများ ဆက်လက် မြင့်တက်လာကြောင်း တွေ့ရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၅၁.၄၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဝါး၊ ဒီဇယ်ဆီနှင့် မီးသွေးဈေးနှုန်းများ အနည်းငယ် ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၂၄.၈၃ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၈၇% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ကုတင်၊ ဗီရို၊ ဖျာ(သင်ဖျူး)၊ ခြင်ထောင်၊ စောင်၊ ရေခဲသေတ္တာ၊ ဒန်သတ္တု၊ ဓာတ်ခဲ၊ မီးချောင်း၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်နှင့် အိမ်အကူ အလုပ်သမားခ ဈေးနှုန်းများ သိသာထင်ရှားစွာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၄၆.၁၉ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၆၉% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ရာသီ

အကူးအပြောင်းကာလဖြစ်သောကြောင့် ဖျားနာသူများလာသဖြင့် ဆေးဈေးနှုန်းများနှင့် ဆေးကုသခ ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၁၀.၄၂ ရှိ၍ ယခင်လအခြေအနေ ၁၁၅.၄၅ နှင့် နှိုင်းယှဉ်ပါက ၄.၃၆% ဖြင့် သိသာစွာ ကျဆင်းလျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဓာတ်ဆီ တစ်ဂါလန်လျှင် ၄၅၃၂.၄၀ ကျပ် မှ ၃၉၄၈.၀၇ ကျပ်သို့ လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလန်လျှင် ၄၈၉၀.၁၅ ကျပ် မှ ၄၄၆၄.၉၀ ကျပ်သို့ လည်းကောင်း ဈေးနှုန်းများ အသီးသီး ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၀၁.၉၄ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းများမှာ ဈေးကွက်အတွင်း ကုန်ပစ္စည်းအသစ်များ ထွက်ရှိမှုများလာသဖြင့် Model အဟောင်း ဈေးနှုန်းများကျဆင်းလာခဲ့၍ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၀၉.၅၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၂၈% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အခွေငှားရမ်းခ၊ ဓာတ်ပုံရိုက်ခ၊ ဂျာနယ်နှင့် စာရေးစက္ကူ ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ည) **ပညာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၃၃.၅၂ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၂၆.၁၉ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၁.၆၉% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊

အသုပ်စုံ နှင့် ခေါက်ဆွဲကြော်/ကြာဇံကြော်၊ ကြေးအိုး၊ လက်ဖက်ရည်/ကော်ဖီ၊ ကွမ်းယာနှင့် နှစ်ပြန်ကျော် ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်းတွေ့ရှိရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၃၄.၉၆ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၃၂% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆံပင်ညှပ်ခ(အမျိုးသား/အမျိုးသမီး)၊ ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည်၊ မိတ်ကပ်၊ ရွှေနှင့် လက်ဝတ်ရတနာဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၂၈.၄၁ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၅၀% ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

၃။ ၂၀၁၈ခုနှစ် ဒီဇင်ဘာလအတွင်း အုပ်စုအလိုက် ဈေးနှုန်းပြောင်းလဲမှု ရာခိုင်နှုန်းများကို ဇယား(၁)ဖြင့် ဖော်ပြထားပါသည်။

## အပိုင်း(ခ)

## ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်

**စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွက် စားသုံးသူဈေးဆန္ဒန်းမှာ ၁၄၇.၇၅ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆန္ဒန်း ၁၃၈.၂၉ နှင့် နှိုင်းယှဉ်ပါက ၆.၈၅% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်း ဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆန္ဒန်းများကို အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) **အစားအစာအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၆၁.၅၀ ရှိ၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ အခြေအနေ ၁၅၀.၆၃ နှင့် နှိုင်းယှဉ်ပါက ၇.၂၂% မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလကထက် ၈.၉၉% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁၆.၄၉%၊ နှမ်းဆီ ၁၀.၁၇%၊ ကြက်သား ၃.၅၅%၊ ဝက်သား ၆.၆၃%၊ အမဲသား ၁၉.၇၀%၊ ဘဲဉ ၇.၁၇%၊ ကြက်ဉ ၁၁.၇၅%၊ ငါးခူ ၉.၈၄%၊ ငါးရံ့ ၆.၀၄%၊ ပုစွန်ခြောက် ၁၃.၉၆%၊ ငါးရံ့ခြောက် ၇.၇၂% နှင့် ရေကျိုငါးပိ ၃.၉၉% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ခရမ်းချဉ်သီး ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၁.၈၃% ကျဆင်းလျက်ရှိပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ၄၆.၇၅%၊ ကုလားပဲခြမ်း ၂၄.၁၈%၊ ကြက်သွန်နီ ၅၄.၄၃% ဖြင့် သိသာထင်ရှားစွာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၄၄.၁၂ ရှိ၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၃.၄၈% ကျဆင်း

နေပါသည်။ ဤအုပ်စုတွင် ပါဝင်သော အရက်(ပြည်ပ)၊ ကွမ်းရွက်နှင့် ကွမ်းသီး (အလုံး/အခြမ်း) ဈေးနှုန်းများမှာ သိသိသာသာကျဆင်းလာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၂၃.၅၂ ရှိ၍၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၄.၄၈% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ အမျိုးသမီးဝတ်အင်္ကျီ၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ သားရေဖိနပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး)၊ သားရေဖိနပ် နှင့် ရော်ဘာဖိနပ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၅၁.၄၃ ရှိ၍၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၅.၈၁% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေး ဈေးနှုန်းများ၊ အိမ်ပြင်ခ၊ ဂက်(စ်) ဓာတ်ငွေ့ နှင့် ရေဖိုး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၂၄.၈၃ ရှိ၍၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၇.၁၉% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်တို့မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၄၆.၁၉ ရှိ၍၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၆.၉၅% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေး နှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၁၀.၄၂ ရှိ၍၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၇.၅၆% ဖြင့် သိသိသာသာ

ဆက်လက်မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီ ဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၇၁၆.၄၂ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၄၆၄.၉၀ ကျပ်သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလန်လျှင် ၃၈၅၁.၅၁ ကျပ်ရှိရာ မှ ၃၉၄၈.၀၇ ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး)(ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၀၁.၉၄ ရှိ၍၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၀.၇၄% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များဝင်ရောက်မှုများလာပြီး Model အဟောင်း ဝယ်ယူသူနည်းပါးလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၀၉.၅၉ ရှိ၍၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၃.၄၀% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဗေးရှင်း၊ ကွန်ပျူတာ၊ စီဒီ တိပ်ခွေ၊ ဂျာနယ်၊ ဗလာစာအုပ်နှင့် ကွန်ပါဗူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့် အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၃၃.၅၂ ရှိ၍၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၈.၉၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၌ ၁၂၆.၁၉ ရှိ၍၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၇.၉၀% သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့် ဟင်း၊ လက်ဖက်ရည်၊

ကော်ဖီ၊ ရေခဲမုန့်နှင့် ကွမ်းယာ ဈေးနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၃၄.၉၆ ရှိ၍၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၈.၉၅% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၂.၆၂%၊ သနပ်ခါး ၁၃.၇၆%၊ မိတ်ကပ် ၁၉.၄၃%၊ သွားတိုက်ဆေး ၁၈.၄၄% နှင့် လွယ်အိတ် ၃၆.၉၀% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၁၂၈.၄၁ ရှိ၍၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၆.၁၉% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ) အထိ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္ဒန်းကို လေ့လာပါက ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ၁၃၉.၃၄ ရှိရာမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၃၉.၅၁ သို့ မြင့်တက်လာခဲ့ပါသည်။ သို့သော် ၂၀၁၈ ခုနှစ် မတ်လတွင် ၁၃၉.၁၁ ဖြစ်ပေါ်ခဲ့သဖြင့် ရာခိုင်နှုန်း အနည်းငယ် ပြန်လည်ကျဆင်းခဲ့ပါသည်။ တစ်ဖန် ၂၀၁၈ ခုနှစ် ဧပြီလ မှစ၍ ပြန်လည် မြင့်တက်ခဲ့ရာ ဇွန်လမှ စတင်၍ မိုးများစွာ ရွာသွန်းခဲ့ပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်နေသော ကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကာ ကုန်စည်ဈေးနှုန်းများ ဆက်လက် မြင့်တက်လာ ခဲ့ပါသည်။ သို့ရာတွင် ဒီဇင်ဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း များ သိသာစွာ ကျဆင်းလာခြင်းကြောင့် ဆက်စပ်ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာခြင်း၊ စပါးအသစ် ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများကျဆင်းလာခြင်း၊ ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် ငါး ဈေးနှုန်းများ ကျဆင်းလာခြင်း နှင့် ကုန်ချောက်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူဈေးဆန္ဒန်းမှာ ယခင်လကထက်ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။


၂။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္ဒန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တို့တွင် ယခင်လနှင့်နှိုင်းယှဉ်ပါက တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်မြို့ တို့တွင် အနည်းငယ်မြင့်တက်နေသည်မှ လွဲ၍ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ် အားလုံးတို့တွင် ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။ ပြောင်းလဲမှု ရာခိုင်နှုန်းအနေဖြင့် မွန်ပြည်နယ်တွင် ၂.၀၄% ဖြင့် အမြင့်ဆုံး ကျဆင်းနေပြီး ပဲခူးတိုင်းဒေသကြီးတွင် ဂ.၃၁% ရာခိုင်နှုန်းဖြင့် အနည်းဆုံး ကျဆင်းနေပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ အထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို

လေ့လာပါက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၅.၁၁% အနိမ့်ဆုံးဖြစ်ပေါ်ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ၈.၈၅% ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်ခဲ့ရာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၌ ၆.၈၅ % သို့ လျော့နည်းလာပါသည်။ ၂၀၁၈ ခုနှစ် အတွင်း မြို့အများစုတွင် ရေကြီးမှုဒဏ်ကို ခံစားခဲ့ရသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကာ ကုန်ပစ္စည်းဈေးနှုန်းများ ကြီးမြင့်ခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၆.၈၆% ရှိ၍ နိုဝင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၆.၆၆% နှင့် နှိုင်းယှဉ်ပါက ၀.၂၀% ပိုမိုလာကြောင်း တွေ့ရှိရပါသည်။ တစ်နှစ်တာကာလအတွင်း ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် မတ်လတွင် ၄.၀၃% ဖြင့် အနိမ့်ဆုံးဖြစ်ပေါ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၁.၅၃% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ရခိုင်ပြည်

နယ်တွင် ၁၀.၆၈% ဖြင့် ဒုတိယအမြင့်ဆုံး၊ မကွေးတိုင်းဒေသကြီးတွင် ၉.၆၆% ဖြင့် တတိယအမြင့်ဆုံးအသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၀.၅၃% ဖြင့် ပြောင်းလဲမှု ရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ကယားပြည်နယ်တွင် ၄.၃၄% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

## သုံးသပ်တင်ပြချက်

၆။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဆန်စပါးအသစ်ရိတ်သိမ်းချိန်ဖြစ်ခြင်းကြောင့် ဆန်ဈေးနှုန်းများမှာ ယခင်လနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်ကျဆင်းလာသော်လည်း၊ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် များစွာ မြင့်တက်လျက်ရှိနေသေးသည်ကို တွေ့ရှိရပါသည်။ ယခုနှစ်တွင် စပါး(ပေါ်ဆန်း)ဈေးနှုန်းမှာ တင်း(၁၀၀)လျှင် ရှစ်သိန်းကျပ် ဖြစ်သဖြင့် ယခင်နှစ်ကထက် တစ်သိန်းကျပ်ခန့်မြင့်တက်လျက်ရှိပါသည်။ အလားတူ စပါး (ဧည့်မထ) ဈေးနှုန်းမှာလည်း တင်း(၁၀၀) လျှင်ငါးသိန်းကျပ်ရှိသဖြင့် ယခင်နှစ်ကထက် တစ်သိန်းကျပ်ခန့် မြင့်တက်လျက်ရှိသောကြောင့် ဆန်ဈေးနှုန်းမှာ အနည်းငယ်သာ ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် ဟင်းရွက်ဆီဈေးနှုန်းများမှာ ကုန်ကြမ်းများဖြစ်သော မြေပဲဆံ နှင့် နှမ်းများမှာ ပြည်ပဝယ်လိုအားရှိသောကြောင့် ဈေးနှုန်းများမြင့်တက်လာပါသည်။ စားအုန်းဆီဈေးနှုန်းမှာ ယခင်လကထက် အနည်းငယ်ကျဆင်းလျက်ရှိပါသည်။ ပြည်ပ စားအုန်းဆီဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၇.၃၂ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၀၀.၂၅ သို့ မြင့်တက်နေသော်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်း သိသိသာသာကျဆင်းခဲ့ခြင်းကြောင့် ပြည်တွင်း စားအုန်းဆီဈေးနှုန်းများလည်း ကျဆင်းလာပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများမှာ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် ဝယ်ယူမှုများ ရှိနေခြင်းကြောင့် လည်းကောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပနိုင်ငံများမှ အများအပြားဝယ်ယူ လာသည့်အတွက် ပြည်တွင်းတိရိစ္ဆာန် အစာကုန်ကြမ်း ဈေးနှုန်းများမြင့်တက်လာ ခြင်းကြောင့်လည်းကောင်း အသားဈေးနှုန်းများ မြင့်တက်လာပါသည်။ သို့သော် ကြက်ဥ၊ ငါးခူ၊ ငါးရံ့နှင့် ငါးမြစ်ချင်း ဈေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရှိရ ပါသည်။ မြန်မာနိုင်ငံမှမွေးမြူထုတ်လုပ်သည့်ငါးများကို ပုံမှန်တင်ပို့လျက်ရှိသည့် ဆော်ဒီဈေးကွက်သို့ တင်ပို့ခွင့် ယာယီရပ်ဆိုင်းထားသဖြင့် ပြည်တွင်း ဈေးကွက် တွင် ငါးများပိုလျှံကာ ရောင်းလိုအား များပြားလာသောကြောင့် ငါးဈေးနှုန်းများ ဆက်လက်ကျဆင်းလာပါသည်။ ထို့အပြင် ကြက်များ ဥထွက်နှုန်း ကောင်းလာပြီး ကြက်ဥ ဈေးနှုန်းများ ကျဆင်းလာပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဆောင်းရာသီဖြစ်၍ အသီး အနှံထွက်ရှိမှုများလာခြင်းကြောင့် ဈေးကွက်အတွင်း ကုန်စိမ်းဝင်ရောက်မှုများ လာပြီး ဈေးနှုန်းများကျဆင်းလာပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် အာလူးဈေးနှုန်းများ လည်း ကျဆင်းလာပါသည်။ မိုးကြက်သွန်နီ(အသစ်) ထွက်ပေါ်ချိန် အစပိုင်း ဖြစ်၍ အစိုဓာတ်အနည်းငယ်ရှိနေသဖြင့် နယ်စပ်တင်ပို့မှု နည်းနေသေးသည့်အတွက် ဈေးနှုန်းများ ကျဆင်းလာရခြင်းဖြစ်ပါသည်။ ပဲမျိုးစုံဈေးကွက်တွင်လည်း နှစ်သစ် ကူးကာလဖြစ်သောကြောင့် အရောင်းအဝယ်ပြုလုပ်မှု နည်းပါးသဖြင့် ဈေးကွက် တွင် ပဲကုန်စည်တချို့ ဈေးနှုန်းများကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၉၇၆၆၆၂.၈၃ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၂၇% ဆက်လက်မြင့် တက်ခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၁၂.၆၂% မြင့်တက်လျက် ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိ ကန်ဒေါ်လာ ၁၂၂၀.၀၅ ရှိရာ မှ ၁၂၄၉.၃၀ သို့ မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေ

ဈေးနှုန်း မြင့်တက်လာသည်နှင့်အတူ မြန်မာ့ရွှေဈေးနှုန်းများဆက်လက် မြင့်တက်လာပါသည်။

(ဆ) ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၁.၉၉ မှ ၆၉.၂၅ သို့ ကျဆင်းလာပါသည်။ အလားတူ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၆.၈၉ မှ ၅၈.၀၆ သို့ဆက်လက်ကျဆင်းလာပါသည်။ ထို့အပြင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာလည်း အမေရိကန်တစ်ဒေါ်လာလျှင် ပျမ်းမျှ ၁၅၈၆ ကျပ် ရှိရာမှ ၁၅၅၅ကျပ်သို့ သိသိသာသာကျဆင်းလာခဲ့ခြင်းကြောင့် ပြည်တွင်း လောင်စာဆီဈေးနှုန်းများလည်း ကျဆင်းလာပါကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၈ခုနှစ် ဒီဇင်ဘာလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် မြင့်တက်နေသော်လည်း ယခင်လနှင့်နှိုင်းယှဉ်ပါက သိသိသာသာ ပြန်လည်ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။ အမေရိကန်ဒေါ်လာလဲလှယ်နှုန်း သိသိသာသာကျဆင်းလာခြင်းကြောင့် ဆက်စပ်ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

၈။ အခြေခံစားသောက်ကုန် ဈေးနှုန်းများကျဆင်းလာခြင်းကြောင့် စားသုံးသူဈေးဆနှုန်း ပြန်လည်ကျဆင်းလာပြီး နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာလည်း ကျဆင်းလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ခုနှစ် ဒီဇင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဒီဇင်ဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၃၈.၂၉** | **၁၄၈.၉၅** | **၁၄၇.၇၅** | **-၀.၈၀** | **၆.၈၅** | **၆.၈၆** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၅၀.၆၃** | **၁၆၃.၀၉** | **၁၆၁.၅၀** | **-၀.၉၈** | **၇.၂၂** | **၆.၅၆** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၄၉.၃၃ | ၁၄၁.၈၈ | ၁၄၄.၁၂ | ၁.၅၈ | -၃.၄၈ | ၁၀.၆၁ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၈.၂၂ | ၁၂၂.၈၆ | ၁၂၃.၅၂ | ၀.၅၄ | ၄.၄၈ | ၂.၈၃ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၄၃.၁၂ | ၁၅၁.၄၉ | ၁၅၁.၄၃ | -၀.၀၄ | ၅.၈၁ | ၇.၈၂ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၆.၄၅ | ၁၂၃.၇၅ | ၁၂၄.၈၃ | ၀.၈၇ | ၇.၁၉ | ၄.၂၇ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၆.၆၉ | ၁၄၅.၁၈ | ၁၄၆.၁၉ | ၀.၆၉ | ၆.၉၅ | ၅.၆၁ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၁၀၂.၆၆ | ၁၁၅.၄၅ | ၁၁၀.၄၂ | -၄.၃၆ | ၇.၅၆ | ၁၁.၀၆ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၇၀ | ၁၀၂.၀၂ | ၁၀၁.၉၄ | -၀.၀၈ | -၀.၇၄ | ၄.၃၄ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၉၉ | ၁၀၉.၂၈ | ၁၀၉.၅၉ | ၀.၂၈ | ၃.၄၀ | ၁.၈၉ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၅၃ | ၁၃၃.၅၂ | ၁၃၃.၅၂ | ၀.၀၀ | ၈.၉၇ | ၅.၄၀ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၁၆.၉၅ | ၁၂၄.၀၉ | ၁၂၆.၁၉ | ၁.၆၉ | ၇.၉၀ | ၈.၈၇ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၂၃.၈၇ | ၁၃၄.၅၃ | ၁၃၄.၉၆ | ၀.၃၂ | ၈.၉၅ | ၅.၀၇ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၂၀.၉၂** | **၁၂၉.၀၅** | **၁၂၈.၄၁** | **-၀.၅၀** | **၆.၁၉** | **၇.၄၂** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၄.၂၉** | **၁၁၆.၇၇** | **၁၂၃.၉၆** | **၁၂၄.၆၉** | **၀.၅၉** | ***၆.၇၉** | ***၅.၄၃** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် ဒီဇင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဒီဇင်ဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၄၅.၅၇ | ၁၅၄.၀၄ | ၁၅၂.၂၅ | -၁.၁၆ | ၄.၅၉ | ၇.၇၅ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၄.၀၈ | ၁၅၁.၃၆ | ၁၅၀.၃၃ | -၀.၆၈ | ၄.၃၄ | ၄.၁၈ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၆.၇၅ | ၁၃၇.၈၃ | ၁၃၅.၄၀ | -၁.၇၆ | ၆.၈၂ | ၆.၉၀ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၈၄.၁၈ | ၁၉၈.၉၈ | ၁၉၈.၀၅ | -၀.၄၆ | ၇.၅၃ | ၅.၄၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၃၅.၆၇ | ၁၄၅.၉၉ | ၁၄၄.၁၆ | -၁.၂၅ | ၆.၂၆ | ၅.၁၁ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၂၃.၁၅ | ၁၃၃.၃၄ | ၁၃၄.၀၇ | ၀.၅၄ | ၈.၈၇ | ၇.၁၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၃၅.၅၄ | ၁၄၄.၄၆ | ၁၄၄.၀၁ | -၀.၃၁ | ၆.၂၅ | ၅.၄၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၉.၆၃ | ၁၅၆.၂၅ | ၁၅၄.၃၂ | -၁.၂၃ | ၁၀.၅၃ | ၉.၆၆ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၃၃.၀၅ | ၁၄၂.၀၉ | ၁၃၉.၇၂ | -၁.၆၇ | ၅.၀၂ | ၅.၆၇ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၃၀.၆၉ | ၁၄၅.၆၆ | ၁၄၂.၆၈ | -၂.၀၄ | ၉.၁၈ | ၈.၆၉ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၇၂.၉၈ | ၁၈၉.၃၇ | ၁၈၇.၇၁ | -၀.၈၈ | ၈.၅၁ | ၁၀.၆၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၃၁.၂၈ | ၁၃၈.၇၃ | ၁၃၈.၂၈ | -၀.၃၃ | ၅.၃၃ | ၅.၅၂ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၇.၉၀ | ၁၅၉.၈၁ | ၁၅၈.၇၂ | -၀.၆၈ | ၇.၃၂ | ၇.၈၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၄၀.၁၁ | ၁၄၆.၆၁ | ၁၄၆.၇၁ | ၀.၀၇ | ၄.၇၁ | ၆.၃၉ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၇.၈၈ | ၁၃၅.၂၄ | ၁၃၃.၅၄ | -၁.၂၆ | ၄.၄၂ | ၃.၉၉ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၇.၈၅ | ၁၄၉.၀၂ | ၁၄၉.၁၇ | ၀.၁၀ | ၈.၂၁ | ၆.၁၈ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၃၀.၃၃ | ၁၄၃.၅၉ | ၁၄၀.၉၁ | -၁.၈၇ | ၈.၁၂ | ၁၁.၅၃ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၈.၈၉ | ၁၃၆.၉၉ | ၁၃၆.၂၅ | -၀.၅၄ | ၅.၇၁ | ၇.၁၃ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၃၈.၂၉** | **၁၄၈.၉၅** | **၁၄၇.၇၅** | **-၀.၈၀** | **၆.၈၅** | **၆.၈၆** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၈ ခုနှစ် ဒီဇင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၈ ခုနှစ် | | ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည် % |
|---|---|---|---|---|---|---|---|---|
| | | | | နိုဝင်ဘာလ (ကျပ်) | ဒီဇင်ဘာလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၅၀၉.၅၆ | ၁၅၀၅.၅၁ | ၁၃၈၁.၃၄ | -၀.၂၇ | ၈.၉၉ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၀၂၁.၀၀ | ၆၀၇၃.၁၉ | ၅၂၉၉.၂၅ | ၀.၈၅ | ၁၆.၄၉ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၂၅၀.၃၁ | ၆၂၅၆.၅၂ | ၅၆၇၈.၈၀ | ၀.၁၀ | ၁၀.၁၇ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၁၁.၈၁ | ၂၀၇၀.၀၄ | ၂၁၀၅.၇၄ | -၁.၉၈ | -၁.၇၀ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၉၆၀.၀၈ | ၆၉၈၉.၇၃ | ၆၇၅၀.၀၀ | ၀.၄၃ | ၃.၅၅ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၄၆၀.၁၄ | ၉၄၈၃.၄၅ | ၈၈၉၄.၁၀ | ၀.၂၅ | ၆.၆၃ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၂၀၄၂.၇၉ | ၁၂၄၉၃.၉၅ | ၁၀၄၃၇.၅၀ | ၃.၇၅ | ၁၉.၇၀ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၇၄၈.၀၆ | ၁၇၄၇.၆၃ | ၁၆၃၀.၆၅ | -၀.၀၂ | ၇.၁၇ |
| ၉ | ကြက်ဥ | ။ | ။ | ၁၃၄၀.၀၈ | ၁၃၁၉.၈၀ | ၁၁၈၁.၀၅ | -၁.၅၁ | ၁၁.၇၅ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၀၉၃.၃၃ | ၇၉၅၀.၅၆ | ၇၂၃၈.၅၅ | -၁.၇၆ | ၉.၈၄ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၀၇၄.၆၁ | ၈၀၄၁.၄၅ | ၇၅၈၃.၆၀ | -၀.၄၁ | ၆.၀၄ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၄၆၁.၁၆ | ၄၄၆၀.၂၇ | ၄၅၁၈.၅၅ | -၀.၀၂ | -၁.၂၉ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၁၅၅၉.၅၇ | ၃၁၈၆၀.၇၀ | ၂၈၀၂၅.၇၅ | ၀.၉၆ | ၁၃.၆၉ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၉၅၆၂.၂၅ | ၂၉၅၆၄.၇၁ | ၂၇၄၄၅.၀၅ | ၀.၀၁ | ၇.၇၂ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၂၉၇.၇၉ | ၃၃၀၆.၆၄ | ၃၁၇၉.၉၁ | ၀.၂၇ | ၃.၉၉ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၇၃၉.၉၂ | ၁၀၀၄.၄၁ | ၁၂၈၄.၉၆ | -၄၂.၂၇ | -၂၁.၈၃ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၄၄၀.၁၃ | ၂၄၀၆.၀၉ | ၃၁၇၃.၃၈ | -၁.၃၉ | -၂၄.၁၈ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၄၆.၉၉ | ၁၁၄၅.၉၈ | ၁၀၉၂.၀၇ | -၀.၀၉ | ၄.၉၄ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၂၂၈၃.၄၆ | ၂၂၂၄.၄၄ | ၄၁၇၇.၁၉ | -၂.၅၈ | -၄၆.၇၅ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၄၅၆.၂၀ | ၁၃၃၅.၄၀ | ၂၉၃၀.၆၅ | -၈.၃၀ | -၅၄.၄၃ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၉၁၃.၄၈ | ၄၉၅၀.၀၀ | ၄၇၀၈.၇၅ | ၀.၇၄ | ၅.၁၂ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၂၀၁.၀၀ | ၅၂၁၅.၉၅ | ၅၀၁၃.၆၂ | ၀.၂၉ | ၄.၀၄ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၉၇၄၀၃၀.၀၉ | ၉၇၆၆၆၂.၈၃ | ၈၆၇၁၉၅.၀၅ | ၀.၂၇ | ၁၂.၆၂ |
| ၂၄ | ထင်း | | ပိဿာ | ၃၂၅.၁၃ | ၃၂၆.၁၃ | ၃၀၅.၆၁ | ၀.၃၁ | ၆.၇၁ |
| ၂၅ | မီးသွေး | | ။ | ၆၅၁.၇၅ | ၆၅၀.၄၄ | ၆၁၁.၁၅ | -၀.၂၀ | ၆.၄၃ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၃၃.၁၁ | ၄၃၃.၉၉ | ၄၀၄.၄၁ | ၀.၂၀ | ၇.၃၂ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၀၈၄.၈၀ | ၁၀၈၄.၈၀ | ၉၁၄.၀၄ | ၀.၀၀ | ၁၈.၆၈ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၄၈၉၀.၁၅ | ၄၄၆၄.၉၀ | ၃၇၁၆.၄၂ | -၈.၇၀ | ၂၀.၁၄ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၄၅၃၂.၄၀ | ၃၉၄၈.၀၇ | ၃၈၅၁.၅၁ | -၁၂.၈၉ | ၂.၅၁ |

# ဇယား(၄)တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၃၈.၂၉ | ၁၃၉.၃၄ | ၁၃၉.၅၁ | ၁၃၉.၁၁ | ၁၃၉.၈၂ | ၁၄၀.၂၄ | ၁၄၁.၁၃ | ၁၄၂.၉၁ | ၁၄၄.၁၇ | ၁၄၅.၉၇ | ၁၄၇.၇၀ | ၁၄၈.၉၅ | ၁၄၇.၇၅ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၁၆.၇၇ | ၁၁၇.၆၈ | ၁၁၈.၃၆ | ၁၁၈.၈၃ | ၁၁၉.၀၈ | ၁၁၉.၄၅ | ၁၂၀.၁၈ | ၁၂၀.၅၂ | ၁၂၁.၄၁ | ၁၂၂.၄၈ | ၁၂၃.၄၀ | ၁၂၃.၉၆ | ၁၂၄.၆၉ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation) | ၄.၄၅ | ၅.၂၃ | ၅.၁၁ | ၅.၄၂ | ၅.၈၇ | ၅.၉၀ | ၆.၄၅ | ၇.၅၆ | ၈.၁၈ | ၈.၅၉ | ၈.၈၅ | ၈.၃၃ | ၆.၈၅ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Core Inflation) | ၃.၄၀ | ၄.၂၇ | ၄.၈၅ | ၄.၆၉ | ၄.၇၈ | ၅.၀၅ | ၅.၆၄ | ၅.၁၄ | ၅.၁၇ | ၅.၇၆ | ၆.၅၉ | ၆.၄၇ | ၆.၇၉ |